(က) ပုဂ္ဂလိက အဆောက်အအုံ အသစ်ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းတို့အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း

(၁) ဌာနမှ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ၊

(၂) သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(၃) မြေပိုင်ဆိုင်မှု အထောက်အထား

(ကက) နှစ်ထပ်ခွဲအောက် အဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက် ဆောက်လုပ်ရန် လျာထားသည့် မြေကွက်၏ မြေကွက်အမှတ်၊ ဦးပိုင်အမှတ်၊ ဧရိယာတို့ ပါဝင်သော တစ်နှစ်အတွင်း ရေးဆွဲ ထားသည့် မြေစာရင်းပုံစံ-၁၀၅၊ မြေပုံစာရင်းပုံစံ-၁၀၆၊

(ခခ) နှစ်ထပ်ခွဲနှင့် အထက် အဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက် သက်တမ်းရှိ ဂရန်မိတ္တူ၊

(ဂဂ) မြေပိုင်ဆိုင်မှုအထောက်အထားနှင့် စပ်လျဉ်းသည့် တရားဝင် စာချုပ်စာတမ်းများ၊ အခြားသက်သေခံ အထောက်အထားများ၊

(၄) အသုံးပြုရန် ရည်ရွယ်ချက်၊

(၅) ဆောက်လုပ်ခွင့်တင်ပြသူသည် ဆောက်လုပ်မည့် မြေကွက်အား ပိုင်ဆိုင်ကြောင်းနှင့် ကိုယ်တိုင်ဆောက်ခွင့် တင်ပြခြင်း မှန်ကန်မှုရှိ/မရှိ အမှုဆောင်အရာရှိ၏ စိစစ် ထောက်ခံချက်၊

(၆) ဆောက်လုပ်မည့် အဆောက်အအုံပုံစံ

(ကက) မြေကွက်အညွှန်းပုံစံ (Site Location Plan)၊

(ခခ) အဆောက်အအုံတည်နေရာပြမြေပုံ (Building Layout Plan)၊

(ဂဂ) ကြမ်းခင်းပန္နက်ပုံစံ (Floor Plan)၊

(ဃဃ) ရှေ့/နောက်/ဘေးမြင်ပုံစံများ (Elevation Drawings)၊

(ငင) ဖြတ်ပိုင်းပုံစံများ (Cross Sectional Elevation Plan)၊

(စစ) အခြားပုံစံများ (Required Other Plans)၊

(၇) (၃)ထပ်မှ (၅)ထပ်အထိ ဆောက်လုပ်မည့် အဆောက်အအုံပုံစံအတွက် အောက်ပါအချက်များဖြင့် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ၏ စိစစ်အတည်ပြုချက်ဖြင့် ဆောင်ရွက်ရန်-

(ကက) RSE (Structure) (သို့မဟုတ်) PE (Structure) (သို့မဟုတ်) RSE (Construction) (သို့မဟုတ်) PE (Construction) လက်မှတ် ရေးထိုးထားသော Architectural Drawing (အထပ်တိုင်း၏ ကြမ်းခင်းပန္နက်ပုံစံ (Floor Plan)၊ ရှေ့/ နောက်/ ဘေးမြင်

ပုံစံများ၊ ((Elevation Drawings)၊ ဖြတ်ပိုင်းပုံစံများ (Cross Sectional Elevation Plan))၊

(ခခ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြု ကုမ္ပဏီများမှ ပြုလုပ်သော Soil Test မူရင်း၊

(ဂဂ) RSE (Structure) (သို့မဟုတ်) PE (Structure) တွက်ချက်လက်မှတ် ရေးထိုးထားသော Calculation Sheet နှင့် အသုံး ပြုသည့် Software Soft Copy၊

(ဃဃ) RSE (Structure) (သို့မဟုတ်) PE (Structure) (သို့မဟုတ်) RSE (Construction) (သို့မဟုတ်) PE (Construction) လက်မှတ်ရေးထိုးထားသော Structural Drawing၊

(၈) (၆)ထပ်မှ (၈)ထပ်အထိ ဆောက်လုပ်မည့် အဆောက်အအုံပုံစံအတွက် အထက်အပိုဒ် (၇)ပါ အချက်များဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ စိစစ်ထောက်ခံချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၉) (၉)ထပ်မှ (၁၃)ထပ်အထိ ဆောက်လုပ်မည့် အဆောက်အအုံပုံစံအတွက် အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်း စစ်ဆေး ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (HIC)၏ သတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်၊

(၁၀) (၁၃)ထပ်နှင့်အထက် ဆောက်လုပ်မည့် အဆောက်အအုံပုံစံအတွက် အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်း စစ်ဆေး ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (HIC)၏ စိစစ်ချက်အပြင် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ (CQHP)၏ သတ်မှတ် ချက်များအတိုင်း ဆောင်ရွက်ရန်၊

(၁၁) ခန့်မှန်းခြေစုစုပေါင်းကုန်ကျငွေ။